## ပြည်ပနိုင်ငံများတွင် အမြဲတမ်းနေထိုင်ခွင့်ပါမစ်ဖြင့် နေထိုင်အလုပ်လုပ်ကိုင်နေသူများ၏ OWIC ပြုလုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

၁။ အလုပ်သမားဝန်ကြီးဌာနထုတ်ပေးလျက်ရှိသည့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card- OWIC) သည် ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်မည့် နိုင်ငံကူးလက်မှတ် (PJ) အမျိုးအစားကိုင်ဆောင်သူများကိုသာ ထုတ်ပေးခြင်းဖြစ်၍ ပြည်ပနိုင်ငံများတွင် နိုင်ငံကူးလက်မှတ် (PJ) အမျိုးအစားကိုင်ဆောင်ပြီး အမြဲတမ်းနေထိုင်ခွင့်ပါမစ်ဖြင့်လည်းကောင်း၊ မီနိုပါမစ်ဖြင့်လည်းကောင်း နေထိုင်သူများသည် မိခင်နိုင်ငံသို့ ပြန်လာပြီး ပြည်ပသို့ ပြန်လည်ထွက်ခွာနိုင်ရေး OWIC ပြုလုပ်ခွင့် လျှောက်ထားရာတွင် အောက်ပါစည်းကမ်းသတ်မှတ်ချက်အတိုင်း ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်-

(က) ပြည်ပနိုင်ငံများတွင် အမြဲတမ်းနေထိုင်ခွင့်ပါမစ်ဖြင့်နေထိုင်သူများသည် အလုပ်လုပ်ကိုင်နေခြင်းဖြစ်ပါက အလုပ်လုပ်ကိုင်နေသည့် အလုပ်ရှင်၏မှန်ကန်ကြောင်းထောက်ခံချက် သို့မဟုတ် အလုပ်၏ခွင့်စာ ပါရှိသူများကိုသာ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်ပြား (OWIC) ထုတ်ပေးမည်ဖြစ်ကြောင်း၊

(ခ) ပြည်ပနိုင်ငံများတွင် အမြဲတမ်းနေထိုင်ခွင့်ပါမစ်ဖြင့်နေထိုင်သူများသည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူများ၊ အသက်အရွယ်ကြီးရင့်ပြီး ပြည်ပနိုင်ငံများတွင် အငြိမ်းစားဝန်ထမ်းပင်စင်စားများနှင့် မှီခိုနေထိုင်သူများဖြစ်ပါက သက်ဆိုင်ရာနိုင်ငံကူးလက်မှတ်အား ပြောင်းလဲလျှောက်ထားရမည်ဖြစ်ပြီး ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်ပြား (OWIC) ထုတ်ယူခွင့်ပြုမည်မဟုတ်ကြောင်း။

၂။ အမြဲတမ်းနေထိုင်ခွင့်ပါမစ်ဖြင့် OWIC ပြုလုပ်ခွင့်တင်ပြရာတွင် စင်ကာပူနိုင်ငံအတွက် အများအားဖြင့် Re-Entry Permit မပါရှိ၍ လိုအပ်ချက်စာရင်းတွင် ထည့်သွင်းကြေညာပေးရလျက်ရှိသဖြင့် အချိန်ကြန့်ကြာမှုများမဖြစ်ပေါ်စေရေး Re-Entry Permit ကို ပူးတွဲထည့်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။